မြန်မာနိုင်ငံသားများဆိုင်ရာ ဗုဒ္ဓဘာသာအဖွဲ့ ( ဆွီဒင်နိုင်ငံ )

15,07,2009

အစည်းဝေးမှတ်တမ်း...

အခန်းအနားအစီအစဉ်များ.......

.....ဆရာတော်ဘုရားများမှ သီလပေးတရားတော်များဟောကြားခြင်း။

.....ဆရာတော်ဘုရားများမှ ဩဝါဒပေးခြင်း။

.....တာဝန်ပိုင်းဆိုင်ရာလုပ်ငန်းလုပ်ဆောင်ရွက်ပြီးစီးမှု အခြေနေများကို ဆွေးနွေးတင်ပြခြင်း။

.....အစည်းဝေးတက်ရောက်လာကျသူများမှ အပြန်အလှန်အကြံပြုဆွေးနွေးတင်ပြခြင်း။

.....အစည်းဝေးတက်ရောက်လာကျသူများမှ အဖွဲ့ ၏အားနည်းချက် အားသာချက်များကို အကျယ်တဝင့်ဆွေးနွေးချြင်း။

ကိုကျော်သက်မှ...          လုပ်ငန်းဆောင်တာများပြီးစီးဆောင်ရွက်မှုများကိုရှင်းလင်းတင်ပြသည်။

ဆရာတော်ဦးဥတ္တရမှ...  လိုအပ်သည်များကိုဂင်ရောက်ဆွေးနွေးရာတွင်ဘုန်းကြီးကျောင်းဖြစ်မြောက်ရန် ဘုန်းကြီးများအပါအဂင် ဗုဒ္ဓဘာသာဂင်သူတော်စဉ်တိုင်းစုစည်းညီညာစွာဆောင်ရွက်နိုင်ရမည်။ အပြန်အလှန်လေးစာလိုက်နာကာမူလရည်ရွယ်ချက်မပျက်စေဘဲစုစုစည်းစည်းလုပ်ကိုင်နိုင်ရန်အထူးလိုအပ်ပြီးလူမျိုးပေါင်းစုံပါဂင်လာနိုင်သည့်ဘာသာရေးလုပ်ငန်းဖြစ်စေလိုသည်။

မသန်းသန်းမှ...          အကြံပေးရာတွင် ဘုန်းကြီးကျောင်းဖြစ်မြောက်ရေးဆောင်ရွက်နေမှုအပေါ်တွင် စိတ်တိုင်းမကျဖြစ်မိပြီး မိမိနေထိုင်ရာမြို့တွင် တိုက်ခန်းဂယ်ယူကာ ဘုန်းကြီးကျောင်းအဖြစ်ပြုလုပ် ရန်ကြိုး စားခဲ့ကြောင်း ယခုသင့်တော်ရာဆွီဒင်နိုင်ငံအလည်ပိုင်းဒေသတွင် ကျောင်းဖြစ်မည် ဆိုသော ်ကြောင့်မိမိ  လုပ်ငန်းစဉ်များကိုရပ်ဆိုင်းထား။

ကိုတင်ဂင်းလှိုင်မှ...     ဌင်းရာဖွေတွေ့ရှိထားသော ဘုန်းကြီးကျောင်းအဖြစ်တည်ဆောက်နိုင်မည့်နေရာ တစ်ခုအပေါ်တင်ပြဆွေးနွေး။

ကိုစံရ...                    မိမိ၏လုပ်ငန်းဆောင်တာများကိုရှင်းလင်းတင်ပြပြီး အစည်းဂေးမတက်ရောက်နိုင်သည့် မသီတာနိုင်၏လုပ်ငန်းပိုင်းဆိုင်ရာများကိုရှင်းလင်းတင်ပြပြီး ဘဏ္ဍာရေးမှူး၏လက်ရှိအခက်အခဲများကိုကိုယ်စားရှင်းလင်းတင်ပြသည်။

ကိုအတာမှ...              ငွေစာရင်းအင်းဆိုင်ရာ စစ်ဆေးတွေ့ရှိချက်များကိုရှင်းလင်းတင်ပြသည်။

ရှေ့ လုပ်ငန်းစဉ်များကိုဆွေးနွေးခြင်း

.....ကိုကျော်သက်မှ ဖွဲ့ စည်းပုံမူ၏ ၂.နှစ် သက်တမ်းဟု သတ်မှတ်ထားသောလက်ရှိမူကို ဆက်လက်ကိုင်စွဲသင့် မသင့်ဆွေးနွေး။

.....ကိုအတာမှ ပြောင်းလည်းပြင်ဆင်ပါက ပြောင်းလဲနိုင်သော်လည်း ဖျက်ပြစ်ရန်မဖြစ်နိုင်၊ မည်သို့ပြင်ဆင်မည်ကို လာမည့် သက်တမ်းကုန်ဆုံးချိန်ထိ စောင့်ဆိုင်းရန်လိုကြောင်း ဆက်လက်ဆွေးနွေး။

ဘုန်းကြီးကျောင်းဖြစ်မြောက်ရေးကော်မတီ၏တာဝန်ယူမှု အား အနည်းငယ်ပြင်ဆင်ဖွဲ့ စည်းလိုက်သည်။
.....ဆရာတော်များမှ ဦးဆောင်မှုတာဝန်ကို ဆက်လက်ယူဆောင်သွားမည်။
.....ကိုကျော်သက်မှ ဆရာတော်နှင့် အဖွဲ့ ၏အကြား အပြန်အလှန်ဆက်သွယ်ရန်။
.....ဆရာအောင်တင့်မှ ဗုဒ္ဓဘာသာဝင်လူဦးရေစာရင်း ပြုစုကိုင်တွယ်ရန်။(တွဲဖက်..ကိုရန်နိုင်.ကိုတိုင်းမူ)
.....ဘဏ္ဍာရေးမှူး ႏမသီတာနိုင်၏ တာဝန်များကို ကိုစံရနှင့်မမြင့်အေးတို့ ပူးပေါင်းဆောင်ရွကပေးရန်။
.....သတင်းအချက်အလက်များအချိန်မှီအဆင်ပြေချော်မွေ့ စွာအမြန်ဖြန့် ဝေနိုင်ရန်အတွက် ကိုအတာနှင့် ကိုချမ်းငြိမ်းတို့ မှပူးပေါင်းဆောင်ရွက်ရန်။
.....လက်ရှိ Internet e-mail မှတဆင့်သတင်းဖြန့် ဝေနေမှုအား ကိုဇေယျာထံမှကိုအတာထံသို့ လွှဲပြောင်း တာဝန်ယူစေပြီး ကိုချမ်းငြိမ်းမှာ Internet e-mail မရှိသူများထံသို့ စာတိုက်မှတဆင့်ဖြန့် ဝေရန်။
.....Internet Website တာဝန်ခံ ကိုဇေယျာနှင့် ဆရာတော်ဦးဣန္ဒာစာရ အတူပူးပေါင်းဆောင်ရွက်ရန်။
.....Internet Website သို့ တင်ပြရမည့် သတင်းအချက်အလက်မှတ်တမ်းများစုဆောင်မှုများအား ကိုအတာနှင့်ကိုကျော်မင်းတို့ မှတာဝန်ယူပေးရန်။
.....ဘုန်းကြီးကျောင်းဝယ်ယူရန် မသန်းသန်း ကိုရန်နိုင် ကိုစံရ တို့ ပူးပေါင်းဆောင်ရွက်ရန်။
..... ယခုအနည်းငယ်ပြင်ဆင်ပြောင်းလည်းလိုက်သော လုပ်ငန်းကော်မတီသည် ၆.လ သက်တမ်းသတ်မှတ်ပြီး သက်တမ်းသည် 2009 ဒီဇင်ဘာလကုန်သည့်အထိဖြစ်သည်။

အခြားဆုံးဖြက်ချက်များနှင့်ရှေ့ ဆက်လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များ
.....လူလီယိုမြို့ တွင်ဘုန်းကြီးကျောင်းဖြစ်မြောက်ရန်သတ်မှတ်ထားသော ငွေကြေးအတိုင်းအတာနှင့်သတ်မှတ်ထားသောကာလအတွင်းဖြစ်နိုင်ခြေမရှိသောကြောင့် ဖြစ်နိုင်ခြေရှိသော နေရာဌာနတွင်ကျောင်းဝယ်ယူရန် ပြင်ဆင်ဆုံးဖြတ်လိုက်သည်။
.....ဆွီဒင်နိုင်ငံတွင်အခြေနေနှင့်အနေအထားအရ အလယ်ပိုင်းဒေသတွင်ဘုန်းတော်ကြီးကျောင်းတည်ဆောက်ရန်ဦးစားပေးလိုက်ရသော်လည်း ကြွေးဟောင်း ကြွေးမြီး ကိစ္စပြီးစီးသွားပါက ဒုတိယနေရာဌာန ဘုန်းတော်ကြီးကျောင်းအဖြစ် လူလီယိုမြို့ တွင်တည်ဆောက်ရန်ဆုံးဖြတ်သည်။
..... အဖွဲ့ ဝင်ကြေးအဖြစ်အသင်းသားတဦးလျှင်တစ်နှစ်စာ 50 ခရိုနာကောက်ခံမည်။ လစဉ်ကြေးကိုတလ 100 ခရိုနာ 3.လစာ 300.ခရိုနာ သို့မဟုတ် 6.လစာ 600.ခရိုနာကို မိမိဆန္ဒရှိသည့်အလျှောက် နယ်မြေခံကိုယ်စားလှယ်များမှဖြစ်စေ ဘဏ်မှတိုက်ရိုက်ဖြစ်စေ ဆက်လက်လှူဒါန်းသွားနိုင်သည်။
.....အသက် 18.နှစ် နှင့်အထက်အားအဖွဲ့ ဝင်အဖြစ်ဝင်ခွင့်ပြုပြီး အဖွဲ့ ဝင်ကြေးအဖြစ်နှစ်စဉ် 50 ခရိုနာ သတ်မှတ်ကာ အဖွဲ့ ဝင်ကဒ်ပြားများလုပ်ပေးသွားမည်။
.....နယ်မြေခံကိုယ်စားလှယ်များမှ အဖွဲ့ ဝင်များကိုစုစည်းပြီးတွဲဖက်အတွင်းရေးမှူး၏အလုပ်အဖွဲ့ ထံသို့ မပြက်တင်ပြပေးနေရမည်။အဖွဲ့ ဝင်ကြေးကို နယ်မြေခံများမှတာဝန်ယူကောက်ခံပြီး ဘဏ္ဍာရေးမှူး(သို့ )တွဲဖက်အတွင်းရေးမှူထံသို့ ဦးတည်ပေးပို့ ရမည်။
.....အဖွဲ့ ၏အစည်းဝေတိုင်းကို 6.လ တကြိမ်သတ်မှတ်ကျင်းပပေးရမည်ဖြစ်ပြီး အဖွဲ့ ဝင်တိုင်းရင်းနီးပွင့်လင်းစွာတက်ရောက်ဆွေးနွေးနိုင်သည်။ အစည်းဝေးတက်ရောက်သူများအနေဖြင့် ခရီးစရိတ်ကိုမိမိကိုယ်တိုင်အကုန်အကျခံရမည်ဖြစ်ပြီး နေထိုင်မှုနှင့်စားသောက်မှုစရိတ်ကိုအဖွဲ့ မှတာဝန်ယူကုန်ကျခံမည်။၎င်းစရိတ်အား 2000.ခရိုနာ သတ်မှတ်သည်။
.....စာတိုက်နှင့်ဆက်သွယ်ပြီး စာပို့ စနစ်အဆင်ပြေချော်မွေ့ စေရန်စုံစမ်းရန်။

.....အထွေထွေကုန်ကျစရိတ်ကြီးများရှိလာပါက လုပ်ငန်းကော်မတီဝင်များစုပေါင်းဆုံးဖြတ်ပြီးမှအတည်ပြု ပေးရမည်။ကုန်ကျစရိတ်ငယ်များကို ဆန္ဒအလျောက်လှူဒါန်းလိုကလှူဒါန်းနိုင်ပြီး သို့မဟုတ်ပါကဘဏ္ဍာ ရေးမှူးထံတွင် ဘောင်ချာပြပြီး စိုက်ထုတ်ငွေအားတင်ပြတောင်းခံနိုင်သည်။

ဘုန်းကြီးကျောင်းဖြစ်မြောက်ရေးကော်မတီ